ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်(ရေဆင်း၊နေပြည်တော်)

## လျှောက်လွှာခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (ရေဆင်း၊ နေပြည်တော်)တွင် ခန့်ထားရန် အောက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး/လစာနှုန်း | ရာထူးနေရာ | ပညာအရည်အချင်းကန့်သတ်ချက် |
|---|---|---|---|
| (က) | ရုံးအကူ<br>(၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | (၄)နေရာ | အခြေခံပညာ အထက်တန်းအဆင့် |
| (ခ) | အစောင့်<br>(၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | (၅)နေရာ | အခြေခံပညာ အလယ်တန်းအဆင့် |

၂။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူသည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်နေသော (နေ့စား)ဝန်ထမ်းများ အနက် သတ်မှတ်ပညာအရည်အချင်းရှိသူများအား ဦးစားပေး စဉ်းစားမည်။

(ဂ) လျှောက်လွှာပိတ်သည့်ရက်တွင် အမှတ်စဉ်(က)ရာထူးအတွက် အသက်(၃၀)နှစ်၊ အမှတ်စဉ်(ခ)ရာထူးအတွက် အသက် (၃၅) နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဃ) ကျန်းမာရေး ကောင်းမွန်ရမည်။

(င) လူတွေ့ စစ်ဆေး ဖြေဆိုရမည်။

(စ) သတ်မှတ်ရာထူးအလိုက် အနည်းဆုံးလုပ်သက် (၃)နှစ် တစ်ဆက်တည်း တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။(တာဝန်ထမ်းဆောင်နိုင်ခြင်းမရှိပါက လျော်ကြေးငွေအဖြစ် ၅၀၀၀၀၀/-(ကျပ်ငါးသိန်း) ပေးလျော်ရမည်။)

၃။ လျှောက်လွှာတွင် အောက်ဖော်ပြပါ အချက်များကို ပြည့်စုံစွာဖော်ပြရမည်-

(က) လျှောက်ထားသူ၏ အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

(ခ) မွေးသက္ကရာဇ်နှင့်အသက်

(ဂ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ

(ဃ) ပညာအရည်အချင်း

(င) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၎င်းတို့၏ အလုပ်အကိုင်

(စ) လျှောက်ထားလိုသည့်ရာထူး

(ဆ) ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်

(ဇ) အမြဲတမ်းနေရပ်လိပ်စာ

၄။ လျှောက်လွှာနှင့် အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-

(က) သက်ဆိုင်ရာကျောင်းမှ ရုံးအကူရာထူးအတွက် အခြေခံပညာအထက်တန်းအဆင့် ထောက်ခံစာနှင့် အစောင့်ရာထူးအတွက် အခြေခံပညာ အလယ်တန်းအဆင့် တက်ရောက်ခဲ့သော ထောက်ခံစာများကို ပူးတွဲတင်ပြရမည်။ (မူရင်းများအား လူတွေ့ ဖြေဆိုသည့်အခါ ပြသနိုင်ရမည်)

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့်ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့်ရဲစခန်း ထောက်ခံစာမူရင်း။

(ဂ) (၂)လအတွင်း ရိုက်ကူးထားသော လိုင်စင်ဓါတ်ပုံ(၃)ပုံ (ကျောဘက်တွင် အမည်နှင့်နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)

(ဃ) ပြင်ပမှ လျှောက်ထားသူများအတွက် အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ကျန်းမာရေး ကောင်းမွန်ကြောင်း မြို့နယ်ဆရာဝန် ထောက်ခံချက် ဆေးလက်မှတ်မူရင်း။

၅။ လျှောက်လွှာများကို ပါမောက္ခချုပ်ရုံးသို့ (၆.၈.၂၀၂၆) ရက်နေ့ အရောက် ပေးပို့ လျှောက်ထားရမည်။

၆။ အရည်အချင်းစစ်ဆေးရန်အတွက် လူတွေ့ နှုတ်ဖြေ စစ်ဆေးမည့်နေ့ရက်အား ဝန်ထမ်းရေးရာဌာန မှ ကြေညာပေးမည် ဖြစ်ပါသည်။

၇။ အချိန်မီရောက်ရှိခြင်း မရှိသော၊ အချက်အလက်ပြည့်စုံ မှန်ကန်မှုမရှိသော လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်သိရှိလိုသော အချက်အလက်များကို မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်-ရေဆင်း၊ ဝန်ထမ်းရေးရာဌာန၊ ဖုန်း-၀၆၇ ၃၄၁၆၆၅၇ သို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းနိုင်ပါသည်။

မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်